မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မိုးညှင်းမြို့

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

**အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် ကြော်ငြာစာအမှတ် (၁၈/၂၀၂၄)**

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (၁.၄.၂၀၂၅ မှ ၃၁.၃.၂၀၂၆) ရက်နေ့အထိ (၁နှစ်) တာကာလ အပိုင်းအခြားအတွက် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်လိုင်စင်များနှင့်ပတ်သက်၍ သီးခြားညွှန်ကြားချက်ထုတ်ပြန်ပြီးမှ ညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်သွားရန်လည်းကောင်း၊ မူတွဲပါ အပေါင်ဆိုင်လိုင်စင်များကို သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်ကို ၂၀၂၄-၂၀၂၅ ခု လက်ရှိဘဏ္ဍာရေးနှစ်လိုင်စင်ကြေးဖြင့်သတ်မှတ်၍ သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ ကျန်အခွင့်အရေးလိုင်စင်များကို ဈေးပြိုင်လေလံစနစ်ဖြင့်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးတွင် အောက်ဖော်ပြပါနေ့ရက်များတွင် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | လိုင်စင်များရောင်းချမည့် အစီအစဉ် | လိုင်စင်များရောင်းချမည့် နေ့ရက်နှင့်အချိန် | လိုင်စင်များလျှောက်လွှာ တင်ရမည့် နောက်ဆုံးနေ့ရက်နှင့် အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၄.၁.၂၀၂၅(အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၁၃.၁.၂၀၂၅ (တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၂ | ဒုတိယအကြိမ် | ၂၁.၁.၂၀၂၅(အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၂၀.၁.၂၀၂၅ (တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၃ | တတိယအကြိမ် | ၂၈.၁.၂၀၂၅(အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၂၇.၁.၂၀၂၅(တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၄ | ချိတ်ပိတ်တင်ဒါ | ၄.၂.၂၀၂၅(အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၃.၂.၂၀၂၅ (တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၅ | အခြားနည်း | ၁၁.၂.၂၀၂၅(အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၁၀.၂.၂၀၂၅(တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |

၂။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာတင်သွင်းသူများသည် အောက်ပါစည်းကမ်းချက်များ ကို လိုက်နာရမည်-

(က) အသက် (၁၈) နှစ်ပြည့်ပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှုအခင်းနှင့်ပြဿနာကင်းရှင်းသူဖြစ်ရမည်။

(ဂ) အခွန်ကြွေးကျန် ကင်းရှင်းသူဖြစ်ရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များသည် အရပ်ရပ်အခွင့်အရေးလိုင်စင် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ-

(က) အခွင့်အရေးလိုင်စင်နှင့်ပတ်သက်၍နာမည်ပျက်စာရင်းဝင်သူများနှင့်၎င်းတို့၏မိသားစု ဝင်များ။

(ခ) အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာနှင့်အတူ တင်ပြရမည့်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသူများ

(ဂ) အထူးကိုယ်စားလှယ်လွှဲစာ (Special Power)ဖြင့်လွှဲအပ်တင်ပြ၍ လူကိုယ်တိုင် လာရောက်ဆွဲဝယ်ခြင်းမပြုသူများ။

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲတင်သွင်းရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အခွန်အကောင်းရှင်းကြောင်းထောက်ခံချက်၊ လေကာလျှို့ရေ စာရင်းပုံစံ (၆၆/၆)၊ စာချုပ်တင်အာမခံငွေပေးသွင်းထားသည့် အထောက်အထား၊ ငွေထုတ်ယူခွင့်အမိန့် (POP) သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်။

(ခ) အရှုပ်အရှင်း၊ အပေါင်အနှံကင်းရှင်းသည့်သက်ဆိုင်ရာလိုင်စင်ကြမ်းခင်းဈေး တန်ဘိုးထက် လျော့နည်းခြင်းမရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ (အဆောက်အဦ/အိမ်/မြေ) နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ပိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများ၊ အိမ်/မြေ/ဂရန် အစရှိသည့် မူရင်းအထောက်အထားများ၊ အလား(၄)ဘက် ဓါတ်ပုံ(၄)ပုံ၊ စည်ပင်တန်ဘိုးဖြတ် အဖွဲ့၏ စိစစ်ထောက်ခံချက် (သို့မဟုတ်) ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစုစာအုပ် မူရင်း(မြန်မာ့စီးပွားရေးဘဏ်)စသည့် စာရွက်စာတမ်းအထောက်အထားများ၊

(ဂ) မြို့နယ်ပြင်ပမှ ဖြစ်ပါက အထက်ဖော်ပြပါ အထောက်အထားများအပြင် သက်ဆိုင်ရာမြို့နယ် စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စိစစ်ထောက်ခံချက်အပေါ် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ထပ်ဆင့်ထောက်ခံချက်၊

(ဃ) လိုင်စင်တန်ဖိုးကျပ်(၂၀) သိန်း(ကျပ်နှစ်ဆယ်သိန်းတိတိ) ထက်ကျော်လွန်လျှင် အကြေမပေးသွင်းလိုပါက သက်မှတ်ထားသည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအာမခံ အထောက်အထား တင်သွင်း၍-

(၁) သက်တမ်းတိုးလိုင်စင် လုပ်ကိုင်ခွင့်ရရှိသူဖြစ်စေ၊ တိုက်ရိုက်ချထားခြင်းခံရသူဖြစ်စေ လေလံဆွဲဝယ်ရရှိသူဖြစ်စေ၊ မိမိရရှိသော လိုင်စင် (၅ ပုံ ၁ ပုံ) လေလံကြေးငွေ (သို့မဟုတ်) (၂ ပုံ ၁ ပုံ) လိုင်စင်ကြေးငွေ (တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) အကြေ ပေးသွင်းရန် သတ်မှတ်သည့် လိုင်စင်ကြေးငွေများကို ၂၀၂၅-၂၀၂၆ခုဘဏ္ဍာရေးနှစ် (၄.၄.၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်။ ကျန်ငွေကို (၈)ရစ် အညီအမျှခွဲဝေ၍ ပြေလမှ နိုဝင်ဘာလအတွင်း အရစ်ကျခွဲ၍ ပေးသွင်းရမည်။

(က) ပဲခူးတိုင်းဒေသကြီးအတွင်းမှဖြစ်ပါက ဆွဲဝယ်ထားသော လေလံ တန်ဖိုး၏ ၅ ပုံ ၁ ပုံကို ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်၏ နှစ်စ (၄.၄.၂၀၂၅) ရက်နေ့ နောက်ဆုံးထား ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို (၈) ရစ်ခွဲ၍ အောက်ပါအတိုင်း ပေးသွင်းရမည်-

(၁) ပထမအရစ် (၂၂.၄.၂၀၂၅)

(၂) ဒုတိယအရစ် (၂၀.၅.၂၀၂၅)

(၃) တတိယအရစ် (၂၀.၆.၂၀၂၅)

(၄) စတုတ္ထအရစ် (၁၈.၇.၂၀၂၅)
(၅) ပဉ္စမအရစ် (၂၀.၈.၂၀၂၅)
(၆) ဆဋ္ဌမအရစ် (၁၉.၉.၂၀၂၅)
(၇) သတ္တမအရစ် (၂၀.၁၀.၂၀၂၅)
(၈) အဋ္ဌမအရစ် (၂၀.၁၁.၂၀၂၅)

(၂) ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်ဆွဲဝယ်လုပ်ကိုင်သူဖြစ်ပါက လိုင်စင်ကြေး၏ (၅၀%)အား လိုင်စင်ဆွဲဝယ်ရရှိသည်နှင့် ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် နှစ်စ (၄.၄.၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်။ ကျန် (၅၀%) အား ၂၀၂၅ ခုနှစ်၊ ဧပြီလမှစ၍ လာစဉ်သတ်မှတ်ရက်များအတိုင်း (၄)ရစ်ခွဲ၍ ပေးသွင်းရမည်။ လေလံကြေး အနည်းဆုံးကျပ် (၂၀) သိန်းဖြစ်ပါက ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် နှစ်စ (၄.၄.၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ အကြေပေးသွင်းရမည်။

(ခ) ပဲခူးတိုင်းဒေသကြီးပြင်ပမှ ဖြစ်ပါက လေလံတန်ဖိုး၏ ၅၀% အား ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် နှစ်စတွင် (၄.၄.၂၀၂၅) ရက်နေ့ နောက်ဆုံးထားပြီး ပေးသွင်း ရမည်ဖြစ်ပြီး ကျန်ငွေကို (၄) ရစ်ခွဲ၍ အောက်ပါအတိုင်း ပေးသွင်းရမည်-

(၁) ပထမအရစ် (၂၂.၄.၂၀၂၅)
(၂) ဒုတိယအရစ် (၂၀.၅.၂၀၂၅)
(၃) တတိယအရစ် (၂၀.၆.၂၀၂၅)
(၄) စတုတ္ထအရစ် (၁၈.၇.၂၀၂၅)

(ဂ) အဆိုပါသတ်မှတ်ရက်များသည် ရုံးပိတ်ရက်နှင့်တိုက်ဆိုင်နေပါက ထိုနေ့မတိုင်မီကြိုတင်ပေးဆောင်ရမည်။

(ဃ) လုံလောက်သော အာမခံတင်သွင်းနိုင်ခြင်းမရှိပါက လေလံကြေး အကြေပေးသွင်းရမည်။ အာမခံ လုံလောက်မှုမရှိပါက လေလံအား အတည်ပြုမည်မဟုတ်ပါ။

(င) မည်သည့်ပုဂ္ဂိုလ် အသင်းအဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့အစည်း၊ ဝန်ထမ်းများကိုမျှ တိုက်ရိုက်ရောင်းချ မည်မဟုတ်ပါ။

(စ) အရပ်ရပ်အခွင့်အရေးလိုင်စင် ဆွဲဝယ်သူများသည်အဖွဲ့မှ သတ်မှတ်ထားသည့် လိုင်စင်ဆွဲဝယ်ခွင့် လျှောက်လွှာများကို တစ်စုံလျှင် (၁၅၀၀၀/-) နှုန်းဖြင့် ဝယ်ယူပြီး အထောက်အထားပြည့်စုံစွာဖြင့် ဖော်ပြပါ သတ်မှတ်ရက်အတိုင်း ရုံးချိန်အတွင်း နောက်ဆုံးထား၍ မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လျှောက်ထားရမည်။

(ဆ) အရပ်ရပ်အခွင့်အရေးလိုင်စင် မအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေအား လေလံပွဲပြီးဆုံး သည့် (၁၀) ရက်ကြာမှ ပြန်လည်၍ ထုတ်ပေးမည်။

၅။ ၂၀၂၅-၂၀၂၆ခုဘဏ္ဍာရေးနှစ်အတွက် အဖွဲ့မှသတ်မှတ်ပြဋ္ဌာန်းထားသော အရပ်ရပ်အခွင့်အရေး လိုင်စင် များ ရောင်းချမည့်ကြော်ငြာနှင့် စည်းကမ်းသတ်မှတ်ပြဋ္ဌာန်း ချက်များနှင့်ပတ်သက်၍

မရှင်းလင်းသည့် အချက်များရှိပါက မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ဖုန်းနံပါတ် ၀၇၄ - ၈၃၀၅၁

အမှုဆောင်အရာရှိ

(သက်သက်မာ၊ ဦးစီးအရာရှိ)

စာအမှတ်၊ ၁၂၉၉ / ဃ - ၂ / မညှ - ၂ / (၀၀၁)

ရက် စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

ဖြန့်ဝေခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး(                    မြို့)

လိုင်စင်ရှင်နှင့်လိုင်စင်ရှင်ဟောင်းများ၊ အခြားစိတ်ပါဝင်စားသူများအားလုံးနှင့်ကြော်ငြာသင်ပုန်းများအားလုံး

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ ပဲခူးမြို့

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့

ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာယာဝတီမြို့

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့

ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မိုးညှင်းမြို့

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားလုံး၊ မိုးညှင်းမြို့နယ်

ရုံးလက်ခံ

မျှောစာတွဲ

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးစနစ် / ဈေးပြိုင်စနစ်ဖြင့်
လေလံရောင်းချမည့် အခွင့်အရေးလိုင်စင်များ

| စဉ် | | | လိုင်စင်အမည် | ကြမ်းခင်းဈေး (ကျပ်သိန်း) | စားပွဲတင်အာမခံငွေ (ကျပ်သိန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | သက်တမ်းတိုးစနစ်လိုင်စင်များ | | | |
| ၁ | | | အပေါ်ဆိုင်များ | | | |
| | ၁ | ၁ | ရေကောင်းအပေါ်ဆိုင် | ၃၄.၄၉ | ၁၇.၂၄၅ | |
| | ၂ | ၂ | ညောင်လေးပင်အပေါ်ဆိုင် | ၉.၁၃ | ၄.၅၆၅ | |
| | ၃ | ၃ | အိုးဘိုကျွန်းအပေါ်ဆိုင် | ၅.၀၆ | ၂.၅၃ | |
| | ၄ | ၄ | ပထွော်အပေါ်ဆိုင် | ၇.၆၅ | ၃.၈၂၅ | |
| | ၅ | ၅ | မိုးညှင်းမြို့မအပေါ်ဆိုင်(၂) | ၆.၉၃ | ၃.၄၆၅ | |
| | ၆ | ၆ | ထိန်တောအပေါ်ဆိုင်(၁) | ၇.၆၅ | ၃.၈၂၅ | |
| | ၇ | ၇ | သခင်လှရှိန်အပေါ်ဆိုင် (၃) | ၉.၆၈ | ၄.၈၄ | |
| | ၈ | ၈ | ထိန်တောအပေါ်ဆိုင် (၂) | ၇.၆၅ | ၃.၈၂၅ | |
| | ၉ | ၉ | ဇောတိကအပေါ်ဆိုင်(၁) | ၈.၅၈ | ၄.၂၉ | |
| | ၁၀ | ၁၀ | သခင်လှရှိန်အပေါ်ဆိုင် (၂) | ၈.၅၈ | ၄.၂၉ | |
| | ၁၁ | ၁၁ | ဇောတိကအပေါ်ဆိုင် (၃) | ၈.၅၈ | ၄.၂၉ | |
| | ၁၂ | ၁၂ | ဘုရားကြီးကုန်းအပေါ်ဆိုင် | ၇.၈၁ | ၃.၉၀၅ | |
| | ၁၃ | ၁၃ | ရေကောင်းအပေါ်ဆိုင်(၂) | ၉.၁၃ | ၄.၅၆၅ | |
| ၂ | | | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | | | |
| | ၁ | ၁၄ | မြို့နယ်ဝင်ကြေးဘီးကောက် | ၉၃.၈၀ | ၄၆.၉၀ | |
| | | | ဈေးပြိုင်စနစ်ဖြင့်ဆောင်ရွက်မည့်လိုင်စင်များ | | | |
| ၃ | | | ဈေးကောက်လိုင်စင်များ | | | |
| | ၁ | ၁၅ | မိုးညှင်းဈေးကောက် | ၁၈၂.၇၁ | ၉၁.၃၅၅ | |
| | ၂ | ၁၆ | ရေကောင်းဈေးကောက် | ၂၁.၁၂ | ၁၀.၅၆ | |
| | ၃ | ၁၇ | ထိန်တောဈေးကောက် | ၅၁.၅၉ | ၂၅.၇၉၅ | |
| ၃ | | | ကူးတို့လိုင်စင်များ | | | |
| | ၁ | ၁၈ | ဆိပ်ကမ်းသာ-မဲခင်းချောင်ကူးတို့ | ၃၄.၆၅ | ၁၇.၃၂၅ | |
| | ၂ | ၁၉ | တက်ဆွဲကူးတို့ | ၅၄.၃၄ | ၂၇.၁၇ | |
| ၄ | | | အခြားလိုင်စင်များ | | | |
| | ၁ | ၂၀ | မြို့မဈေးစက်ဘီးကောက် | ၈၃.၈၂ | ၄၁.၉၁ | |
| | ၂ | ၂၁ | မြို့မဈေးအိမ်သာကောက် | ၃၄.၃၂ | ၁၇.၁၆ | |
| | | | စုစုပေါင်း | ၆၈၇.၂၇ | ၃၄၃.၆၃၅ | |